အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဖွဲ့စည်းတည်ထောင်ခြင်း (၂၂) နှစ်ပြည့် အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် တိုင်းရင်းသူ အမျိုးသမီး အဖွဲ့အစည်း (၁၂) ဖွဲ့ဖြင့် လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကျား-မ တန်းတူရေး၊ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းရေး စသည့် မျှော်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယနေ့ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ကျရောက်သော အဖွဲ့ချုပ်၏ (၂၂) ပြည့်အထိမ်းအမှတ်ကို အောက်ပါ အတိုင်း သဘောထားထုတ်ပြန်သည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်း (၇၀) ကျော်ကြာ ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိပြီး စစ်မက်ဖြစ်ပွား ရာဒေသများအပါအဝင် နိုင်ငံအနှံ့ ပုံစံမျိုးစုံ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွါးလျက်ရှိပြီး အကြမ်းဖက် စစ်ကောင်စီမှ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်တည်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ယနေ့တိုင် ကင်းလွတ်ခွင့်ဖြင့် ကျူးလွန်လျက် ရှိသည်။ တိုင်းရင်းသားဒေသများတွင် အကြမ်းဖက်စစ်ကောင်စီမှ စစ်ရာဇဝတ်မှုများဖြစ်သော မတရားဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ညှဉ်းပန်း နှိပ်စက်မှု၊ မုဒိမ်းမှုအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းမှုများအပြင် တိုင်းရင်းသူ အမျိုးသမီးများအား စစ်လက်နက်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် နှစ်ပေါင်းများစွာ ကျူးလွန်လျက်ရှိသည့်အပေါ် အဖွဲ့ချုပ်အနေဖြင့် ထိရောက်သည့် အရေးယူမှုများ လုပ်ဆောင်ရန် စဉ်ဆက်မပြတ် တိုက်တွန်း လှုံ့ဆော်လျက်ရှိသည်။ သို့သော် ခေတ်အဆက်ဆက် ကျူးလွန်နေလျက်ရှိသော စစ်ရာဇဝတ်မှုများကို ပြည်တွင်းတရားမျှတမှုယန္တယားနှင့် နိုင်ငံတကာ တရားမျှတမှု ယန္တယားများတွင် ထိရောက်သည့် အပြစ်ပေး အရေးယူခြင်းများ မလုပ်ဆောင်နိုင်ဘဲ အပြစ်ပေးခြင်းမှ ဆက်လက် ကင်းလွတ်ခွင့်ရ နေသည့်အပေါ် မိမိတို့ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ လွန်စွာ စိတ်ပျက်မိ သည်။ ကျူးလွန် ခံရသူ အရပ်သားပြည်သူများ၊ ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှု မရရှိနေ သည်ကိုလည်း မိမိတို့အဖွဲ့ချုပ်မှ ဝမ်းနည်းမိ ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ နိုင်ငံ့အာဏာကို မတရား သိမ်းပိုက်ပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အရပ်သားပြည်သူများအား မတရား ဖမ်းဆီး ချုပ်နှောင်ခဲ့သည်။ ယခုလက်ရှိ နွေဦးတော်လှန်ရေးတွင် ကျဆုံးသူ ပေါင်း ၁၃၁၈ ဦး၊ ဖမ်းဆီးခံရသူ

ပေါင်း ၁၀၇၉၃ ဦးကျော်ရှိပြီး ဖမ်းဝရမ်းအထုတ်ခံရသူပေါင်း ၁၉၀၀ ဦးကျော် ရှိပြီးဖြစ်သည်။ အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ငြိမ်းချမ်းစွာ ဆန္ဒပြလူငယ်များ အမျိုးသမီးများ၊ အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ပြည်သူ့ဝန်ထမ်းများ၊ လူ့အခွင့်အရေး အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းမီဒီယာသမားများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းနှင့် ညှဥ်းပန်းနှိပ်စက်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်သည့်အပြင် အမျိုးသမီးများအား မုဒိမ်းမှုများအပါအဝင် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်နေသည့် အကြမ်းဖက် စစ်တပ်ကို မိမိတို့ အမျိုးသမီး များအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ပြင်းထန်စွာကန့်ကွက်သည်။

စစ်အာဏာရှင်ဆန့်ကျင်ဆန္ဒပြမှုကို လက်နက်အသုံးပြုဖြိုးခွင်းပစ်ခတ်သည်နှင့် တစ်ပြိုက်နက် တိုင်းရင်းသားဒေသများတွင် အကြမ်းဖက်စစ်တပ်မှ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ လက်နက်ကြီးနှင့် စစ်လေယာဉ်အသုံးပြုပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့များအား မီးရှို့ဖျက်ဆီးခြင်းများကြောင့် သက်ကြီးရွယ်အို၊ အမျိုးသမီး၊ ကလေးနှင့် အရပ်သားပြည်သူများ စစ်ဘေးတိမ်းရှောင် ထွက်ပြေးခဲ့ရသည်။ စစ်ဘေးရှောင်စခန်းနှင့် ဒုက္ခသည်စခန်းများတွင် လုံလောက်သည့် စားဝတ်နေရေးမရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းများကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အရပ်သားပြည်သူများ များစွာရှိသည်။ စစ်ဘေးရှောင်ပြည်သူများအား လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးသည့် အရပ်သားပြည်သူများကို အကြမ်းဖက် စစ်တပ်မှ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အကူအညီပေးယာဉ်များအား မီးရှို့ဖျက်ဆီး ခြင်းစသည့် လူသားမဆန်သော လုပ်ရပ်များအား ကျူးလွန်ခြင်းကို မိမိတို့ပြင်းထန်စွာရှုံ့ချသည်။

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ငြိမ်းချမ်းစွာ ဆန္ဒပြပြည်သူများ၊ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများ၊ လူ့အခွင့်အရေး အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအား ပစ်ခတ်သတ်ဖြတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ တိုင်းရင်းသားဒေသတွင် ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းစသည့်အကြမ်းဖက် စစ်တပ်၏ လုပ်ရပ်များကို ရပ်တန့်ရန် မြန်ဆန်ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ချက်ချင်းလုပ်ဆောင်ရန် မိမိတို့အဖွဲ့ချုပ်မှ လေးနက်စွာ တိုက်တွန်းတောင်းဆိုသည်။

မိမိတို့အနေဖြင့် စစ်အာဏာရှင်အပါအဝင် အာဏာရှင်မှန်သမျှကို အပြီးတိုင်ချုပ်ငြိမ်းရေး၊ ကျား-မတန်းတူရေး၊ တိုင်းရင်းသားတန်တူရေး၊ လူ့အခွင့်အရေး၊ တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အပြည့်အဝအာမခံသည့် ဖက်ဒရယ် ဒီမိုကရေစီပေါ်ထွန်းရေးကို နိုင်ငံရေးဘုံရည်မှန်းချက်တူသော ပြည်တွင်းပြည်ပရှိ မဟာမိတ်အဖွဲ့အစည်းများနှင့် စွမ်းစွမ်းတမံ လုပ်ဆောင်

သွားမည်ဟု သိန္ဒိဋ္ဌာန်ပြုကာ ယနေ့ကျရောက်သည့် အဖွဲ့ချုပ်ဖွဲ့စည်းတည်ထောင်ခြင်း (၂၂) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် သဘောထားထုတ်ပြန် လိုက်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)